# နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးနေ့



အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

# နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးနို နောက်ခံသမိုင်း

၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နိတွင်ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂ၏ ၅၄ ကြိမ်မြောက် အထွေထွေညီလာခံ၏ ၈၃ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးက တတိယကော်မတီ၏ အစီရင်ခံစာပါအချက်များ *(A/54/598 and Corr.1and 2)* အား အခြေခံ၍ ဆုံးဖြတ်ချက်အမှတ် ၅၄/၁၃၄ အရ နိုဝင်ဘာလ ၂၅ ရက်နိကို "နိုင်ငံတကာ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးနို" အဖြစ်သတ်မှတ်ရန် ဆုံးဖြတ်ချက်ချမှတ်ခပါသည်။

၎င်းကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက နိုင်ငံ၊ ဒေသ၊ လူစုအလိုက်ဖြစ်ပွားလျက်ပတိသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများက လူ့ဘောင်အဖွဲ့အစည်းအတွင်း အမျိုးသမီးများ၏ တရားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးအရ တန်းတူညီမျှမှုရပတိလာစီရန် အခွင့်အလမ်းများကို ပိတ်ပင်တားဆီးနိကြောင်းသတိပီးခသည်။ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု" ဆိုသည့် ဝေါဟာရကို ပုဂ္ဂလိက ဘဝ၌ဖြစ်စီ၊ လူအများရှိ၌ဖြစ်စီ၊ လူရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာအရ ထိခိုက်နစ်နာစီသော ပြုမှုဆောင်ရွက်မှုဖြစ်သည်ဟု အထွေထွေ ညီလာခံကြီးက ထပ်လောင်းကာ အဓိပ္ပါယ်ဖွင့်ဆိုခသည်။

ယင်းအပြင် အထွေထွေညီလာခံက အစိုးရများ၊ ကုလသမဂ္ဂအဖွဲ့၏ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ရံပုံငွေအဖွဲ့များနှင့် လုပ်ငန်းဆိုင်ရာ စီစဉ်ဆောင်ရွက်နိုင်သော အဖွဲ့များအပြင် အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအား အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ပြဿနာများကို လူထုက ပိုမိုသိမြင်လာစေရန် ရည်ရွယ်၍ နိုဝင်ဘာ ၂၅ ရက်နေ့တွင် လှုပ်ရှားမှုများစီစဉ်ဆောင်ရွက်ရန် တိုက်တွန်းဖိတ်ခေါ်ခဲ့သည်။

နိုဝင်ဘာလ ၂၅ ရက်နေ့ကို ယခင်က "နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့" အဖြစ် လက်တင်အမေရိကမှစ၍ကျင်းပခဲ့ပြီး၊ နောက်ပိုင်းတွင် ကမ္ဘာအနှံ့အပြားရှိ အခြားသောနိုင်ငံများစွာသို့ ပျံ့နှံ့လာခဲ့သည်။ ထိုအချိန်ကတိကျသောအမည်နာမ သတ်မှတ်ထားခြင်းမရှိဘဲ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမပြုရေးနေ့" နှင့် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအဆုံးသတ်ရေးနေ့"အဖြစ် ရည်ညွှန်းဖော်ပြခဲ့ကြသည်။ ပထမအင်္ကူအင်ထရီ အမျိုးသမီးဝါဒီများ ***(The first Feminist Encuentro)*** က "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမပြုရေးနေ့" ကို လက်တင်အမေရိကနှင့် ကာရီဘီယံဒေသအတွက် ပထမဆုံးအကြိမ်အဖြစ် ကြေငြာ ခဲ့ကာ ကိုလံဘီယာနိုင်ငံ၊ ဘိုဂိုတာတွင် ၁၉၈၁ ခု၊ ဇူလိုင် ၁၈ ရက် မှ ၂၁ ရက်အထိကျင်းပခဲ့သည်။ ထိုအခမ်းအနားတွင် အင်္ကူအင်ထရီအမျိုးသမီးများက လိင်ကွဲပြားမှုအပေါ်အခြေခံသော အကြမ်းဖက်မှုများဖြစ်သည့် အိမ်တွင်းအကြမ်းဖက်၊ ရိုက်နှက်ခြိမ်းခြောက်မှုမှစ၍ မုဒိမ်းမှု၊ လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်မှုနှင့် နိုင်ငံအုပ်ချုပ်သူအစိုးရက ကျူးလွန်သော အမျိုးသမီး နိုင်ငံရေးအကျဉ်းသားများအပေါ် နှိပ်စက်ညှင်းပန်းမှု၊ စော်

ကားမှုများအပါအဝင် အကြမ်းဖက်မှုများကို စနစ်တကျဖြင့် ပြစ်တင်ဝေဖန်ရှုတ်ချခကတ်သည်။ နိရက်အားဖြင့် မီရာဘဲလ် ***(Mirabal)*** ညီအစ်မများ အသက်ဆုံးယှုံးခကတ်ရသည့်နိကို အထိမ်းအမှတ်ပြုရွီးချယ်ခသည်။ မူလက ဒိုမေနီကန်သမ္မတနိုင်ငံ၌ အာဏာသျှင် ရာ့ဖဲလ်ထရူဂျီလို ***(Rafael Trujillo 1930-1961)*** အုပ်ချုပ်စဉ်ကာလ ၁၉၆၀ ခုနှစ်က မီရာဘဲလ်ညီအစ်မ သုံးဦးအား အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ခသည့်နိကို "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ အဆုံးသတ်ရေးနိ" အဖြစ် သတ်မှတ်ခခြင်းဖြစ်သည်။ ထိုနိရောက်တိုင်း မီရာဘဲလ် ညီအစ်မများကို ချီးကျူးဂုဏ်ဝပလိပဟိခပြီး ကမ္ဘာကလည်း ယင်းအဖြစ်အပျက်ကို လိင်ကွဲပြားမှုအပေါ်အခြီခံသော အကြမ်းဖက်မှုအဖြစ် အသိအမှတ်ဝပခသည်။

## မီရာဘဲလ် ညီအစ်မများ

အင်ရီကျူးမီရာဘဲလ်နှင့် မာရီယာမာဆီဒီးစ်ရီယက်စ် (ချေအာ) ရို့က ညီအစ်မသုံးယောက်ဖြစ်သော ပက်ထရီယာ၊ မီနာဗာနှင့် မာရီယာ ထရီဆာရို့ကို ၁၉၂၄ ခုနှစ်၊ ၁၉၂၇ ခုနှစ်နှင့် ၁၉၃၅ ခုနှစ်များတွင် ဒိုမေနီကန် သမ္မတနိုင်ငံ စီဘတ်ဒ်ဒေသ၌ မွီးဖွားခကတ်သည်။ ညီအစ်မသုံး ယောက်လုံးသည် ဒိုမေနီကန်သမ္မတနိုင်ငံတွင် ပညာသင်ကြားခကတ်ပြီး မီနာဗာနှင့် မာရီယာ ထရီဆာရို့သည် တက္ကသိုလ်မှ ဘွဲ့ယူရန် လိလာနီဆဲဖြစ်သည်။

မီရာဘောလ် ညီအစ်မသုံးယောက်စလုံးနှင့် သူ့ရို့၏ခင်ပွန်းများသည် ထရူဂျီလိုအစိုးရကို ဆန့်ကျင်တော်လှန်မှုတွင် ပါဝင်လာခကတ်သည်။ မီရာဘောလ် ညီအစ်မများသည် နိုင်ငံရေးလှုပ်ယှားဆောင်ရွက်သူများဖြစ်ကတ်ပြီး အာဏာသျှင် ထရူဂျီလိုကို ဆန့်ကျင်တော်လှန်မှုတွင် ထင်ရှားသော အမှတ်သင်္ကေတများဖြစ်ခသည်။ ထိုညီအစ်မများနှင့် သူ့ရို့မိသားစုများသည် ဟုတ်မှန်သည့်အတိုင်း ဝေဖန်ပြောကြားမှုများနှင့် အစိုးရကို ဆန့်ကျင်သော လျှို့ဝှက်လှုပ်ယှားမှုများကြောင့် အဆက်မပြတ် နှောက်ယှက်ဖိနှိပ်ခံခကတ်ရသည်။ သူ့ရို့၏ နိုင်ငံရေးလှုပ်ယှား မှုများကြောင့် မီရာဘောလ် ညီအစ်မများနှင့် သူ့ရို့၏ခင်ပွန်းများသည် အကြိမ်ကြိမ်ချုပ်နှောင်ခံခကတ်ရသည်။ မီနာဗာ ကိုယ်တိုင်ပင် ထောင်လေးကြိမ်ကျခံခရသည်။ အာဏာသျှင် ထရူဂျီလို၏ ဖိနှိပ်မှုများကြားမှပင် မီရာဘဲလ်ညီအစ်မများသည် အုပ်ချုပ်ရေးခေါင်းဆောင် ပိုင်းကိုဆန့်ကျင်သည့် နိုင်ငံရေးလှုပ်ယှားမှုများတွင် တက်ကြွစွာဆက်လက်ပါဝင်ခကတ်သည်။ ၁၉၆၀ ခုနှစ် ဇန်နဝါရီလတွင် ပက်ထရီယာသည် အစည်းအဝေးတရပ်ကို တာဝန်ယူဆောင် ရွက်ခပြီး ယင်းအစည်းအဝေးက ၁၉၆၀ ခုနှစ်၊ ဇွန်လ ၁၄ ရက်နိ လျှို့ဝှက်လှုပ်ယှားမှုကို ဖော်ဆောင်ခသည်။ ထိုလှုပ်ယှားမှုတွင် ညီအစ်မများအားလုံး ပါဝင်ခကတ်သည်။ အာဏာသျှင်ကို ဆန့်ကျင်သော ထိုလျှို့ဝှက်ပူးပေါင်းကြံစည်မှု မအောင်မြင်ခသောကြောင့် ညီအစ်မသုံးယောက်နှင့်အတူ နိုင်ငံတဝှမ်းလုံးဟိ လျှို့ဝှက်ဆန့်ကျင်လှုပ်ယှားမှုတွင်ပါဝင်သူရဲဘော် ရဲဘက်များ ဖမ်းဆီးနှိပ်ကွပ်ခံကတ်ရသည်။

၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ အစောပိုင်းတွင် ထရူဂျီလိုက ၄င်းရင်ဆိုင်နီရသော ပြဿနာနှစ်ရပ်မှာ ခရစ်ယာန်အသင်းတော်နှင့် မီရာဘဲလ်ညီအစ်မများဖြစ်သည်ဟု ကြော်ငြာ

ခဲ့သည်။ ၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ညီအစ်မသုံးယောက်သည် အကျဉ်းကျနေသော သူတို့၏ ခင်ပွန်းသည်များကို ကားမောင်း၍ သွားရောက်တွေ့ဆုံစဉ် ကားတိုက်မှုဖြင့် လုပ်ကြံသတ်ဖြတ်ခံခဲ့ကြရသည်။ ယင်းကားတိုက်မှုကြောင့် ပြည်သူများသည် အံ့အားသင့် တုန်လှုပ်သွားခဲ့ကြပြီး ယူကျုံးမရဖြစ်ကာ အစိုးရအပေါ် အမျက်ဒေါသထွက်ခဲ့ကြရသည်။ မီရာဘဲလ်ညီအစ်မများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှုသည် ထရူဂျီလိုအစိုးရအားဆန့်ကျင်သည့် လှုပ်ရှားမှုများကို တွန်းအားပေးသော ဖြစ်ရပ်များအနက် တခုဖြစ်ခဲ့ပြီး တနှစ်အတွင်းတွင် ထရူဂျီလိုအစိုးရ ပြုတ်ကျခဲ့သည်။

မီရာဘဲလ်ညီအစ်မများကို "မမေ့နိုင်သောလိပ်ပြာများ" *(Unforgettable Butterflies)* အဖြစ် တင်စားပြောဆိုခဲ့ကြပြီး သူမတို့သည် အမျိုးသမီးများအပေါ် မတရား ဖိနှိပ်မှု၏ သင်္ကေတတခုဖြစ်လာခဲ့သည့်အပြင် လူသိများထင်ရှားမှုနှင့် အမျိုးသမီးဝါဒီတို့၏ ဆန့်ကျင်တော်လှန်မှု၏ သင်္ကေတလည်းဖြစ်လာခဲ့သည်။ ကဗျာများ၊ တေးခြင်းများနှင့် စာအုပ်များရေးသား၍ သူတို့အားအမှတ်တရဂုဏ်ပြုခဲ့ကြသည်။ သူတို့အား သတ်ဖြတ်မှုက စာရေးဆရာမ ဂျူလီယာအဲလ်ဗာရက်ဇ်ကို မီရာဘောလ်ညီအစ်မများ၏ ယဉ်ဘဝကို ဖော်ပြသော ***"In the time of Butterflies"*** ဆိုသည့် ဝတ္ထုတပုဒ် ကိုရေးသားစေရန် ဆော်ဩခဲ့သည်။ ထိုစာအုပ်တွင် အာဏာသျှင် ထရူဂျီလို ပြုတ်မကျမီ နောက်ဆုံးအချိန်၌ မီရာဘဲလ်ညီအစ်မများက အခက်အခဲများကို အာဇာနည်ပီပီ ရင်ဆိုင်ခဲ့ပုံများအား ဖော်ပြထားသည်။ မီရာဘဲလ်ညီအစ်မများအား အမှတ်ရအောက်မေ့မှု၊ သူမတို့၏ ပြည်သူ့လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှုများနှင့် လူ့အခွင့်အရေးအပေါ် လေးစား

လိုက်နာမှုများသည် လူ့ဂုဏ်သိက္ခာနှင့် စိတ်အားထက်သန်လာခြင်းရို့၏ သင်္ကေတများ အဖြစ် ပြောင်းလဲလာခသည်။ မီရာဘဲလ် ညီအစ်မများသည် အကြောင်းမဲ့မုန်းတီးခြင်း နှင့် ပုံစံခွက်ထဲသို့သွင်းခြင်းရို့ကို ဆန့်ကျင်သောသင်္ကေတများလည်း ဖြစ်သကဲ့သို့ သူမ ရို့နှင့် ဆုံဆည်းခသူများ၏ စိတ်ဓါတ်များအား မြင့်တက်စီခကာ သူရို့သီဆုံးပြီးနောက် တွင် ဒိုမေနီကန် သမ္မတနိုင်ငံဟိလူများကိုသာမက ကမ္ဘာတဝှမ်းလုံးကိုပါ စိတ်ဓာတ်မြင့် တက်စီခသည်။ ■

# လိင်ကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှုများကို ဆန့်ကျင်သည့် ၁၆ ရက်တာလှုပ်ယှားမှု

လိင်ကွဲပြားမှုအပေါ်အခြေခံသော အကြမ်းဖက်မှုများကို ဆန့်ကျင်သည့် ၁၆ ရက်တာ လှုပ်ယှားမှုသည် အမျိုးသမီးများ၏ အခွင့်အရေးအတွက် ကမ္ဘာလုံးဆိုင်ရာလှုပ်ယှားမှု အဖြစ် ပေါ်ထွက်လာသည်။ ၁၉၉၁ ခုနှစ်၊ ဇွန်လတွင် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများ ခေါင်းဆောင်မှု ဗဟိုဌာန *(The Center of Women's Global Leadership - CWGL)* က နိုင်ငံပေါင်း ၂၀ မှ အမျိုးသမီး ၂၃ ယောက်ပါဝင်၍ စုဆုံရာတခုဖြစ်သည့် အမျိုးသမီး ရေး၊ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးအတွက် ပထမဆုံးဖွဲ့စည်းသော ကမ္ဘာလုံးဆိုင် ရာ အမျိုးသမီးအသင်းကြီးတွင် ပါဝင်သူများနှင့်အတူ လိင်ကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှုများကိုဆန့်ကျင်သည့် ၁၆ ရက်တာလှုပ်ယှားမှု ကိုစတင်ရန် ဖိတ်ခေါ် ခသည်။ ဤလှုပ်ယှားမှုကို အမျိုးသမီးရေး၊ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးရို့ အကြားဆက်နွယ်မှုကို အဓိကအလေးပေးကာ နိုဝင်ဘာ ၂၅ ရက်နေ့မှ ဒီဇင်ဘာ ၁၀ ရက်နေ့ အထိ လှုပ်ယှားဆောင်ရွက်ခကတ်သည်။ ထိုအချိန်ကာလတွင် ထူးခြားအရေးပါသည့် နိုကြီးလေးရက်ကို အကြုံးဝင်စီခသည်။ ထိုရက်များမှာ နိုဝင်ဘာ ၂၅ ရက်နိ နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများပပျောက်ရေးနိ၊ ဒီဇင်ဘာ ၁ ရက်နိ အမျိုး သမီးများခေါင်းဆောင်မှု ဗဟိုဌာန၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နှစ်စဉ်လှုပ်ယှားမှုကို ကမ္ဘာအနှံ့အပြားမှ လှုပ်ယှားဆောင်ရွက်သူများက နီးစပ်ရာနီပယ်ဒေသခံအဆင့် *(Local)*၊ နိုင်ငံအဆင့် *(National)*၊ ဇုံဒေသတွင်းအဆင့် *(Regional)* နှင့် နိုင်ငံ တကာအဆင့် *(International)* အဖြစ်ဖြင့် ကျင်းပခကတ်သည်။ လှုပ်ယှားဆောင်

ရွက်မှုများတွင် ရေဒီယို၊ ရုပ်မြင်သံကြား၊ ဗီဒီယိုအစီအစဉ်များ၊ သတင်းစာယှင်းလင်းပွဲများ၊ ရုပ်ရှင်ရိုက်ကူးမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ ရေဒီယို၊ ရုပ်မြင်သံကြားဌာနများမှစီစဉ်ကျင်းပသော ပြိုင်ပွဲများ၊ ဆွေးနွေးပွဲများနှင့် အခြားစည်းဝေးပွဲများ၊ ဆန္ဒပြပွဲများ၊ ကန့်ကွက်ပွဲများ၊ ချီတက်ပွဲများနှင့် ဆုတောင်းပွဲများ၊ ဓါတ်ပုံ၊ ပိုစတာ၊ ပန်းချီနှင့် စာအုပ်ပြပွဲများ၊ ဟောပြောပွဲများ၊ စကားရည်လုပွဲများ၊ သက်သီကြားနာပွဲများနှင့် ဆွေးနွေးပွဲများ၊ အဆိုပြုလွှာများ တင်သွင်းရန် လှုံ့ဆော်လှုပ်ယှားမှု၊ လူထုပညာပေးလှုပ်ယှားမှု၊ ဂီတပွဲများ၊ ပြဇာတ်များ နှင့် အခြားပွဲလမ်းသဘင်ကပြမှုများ၊ လမ်းများပေါ်တွင်ကပြသည့် သရုပ်ဖော်ပြဇာတ်များနှင့် အခြားလူ့အဖွဲ့အစည်းအတွင်းဟိ လှုပ်ယှားမှုအစီအစဉ်များ၊ ပိုစတာများ၊ အသင့်ကပ်ရန် ကြော်ငြာစာရွက် တံဆိပ်များ၊ လက်ကမ်းစာစောင်များ ရှီးသားပီးပို့မှုများ၊ သတင်းအချက် အလက်များနှင့် စာအုပ်စာတမ်းများ ဖြန့်ဝီခြင်းများပါဝင်ခသည်။

လိင်ကွဲပြားမှုအပေါ်အခြီခံသော အကြမ်းဖက်မှုများကိုဆန့်ကျင်သည့် ၁၆ ရက်တာလှုပ်ယှားမှုကို စုစည်းမှုအင်အားနှင့် တာဝန်ခံမှုရှိ့က လှုံ့ဆော်တွန်းအားပီးခကာ ထိုလှုပ်ယှားဆောင်ရွက်မှုက ပြည်တွင်း၊ ပြည်ပဟိ လိင်ကွဲပြားမှုကိုအခြီခံသော အကြမ်းဖက်မှုများ ပပျောက်လားစီရန် မရပ်မနားဆောင်ရွက်ခကတ်သည်။ နှစ်များကြာမြင့်လာသည့်အခါ ၁၆ ရက်တာလှုပ်ယှားမှု ကွန်ယက်အဖွဲ့သည် အဖွဲ့ဝင်များတိုးများလာကာ ယခုအခါတွင် နိုင်ငံပေါင်း ၉၀ ကျော် မှ အဖွဲ့အစည်းပေါင်း ၈၀၀ ကျော် ပါဝင်လာသည်။ လှုပ်ယှားမှုကြီးထွားလာမှုသည် အရေအတွက်သာမက စိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါ မြင့်မားလာခြင်းဖြစ်ပြီး မူလက မျှော်လင့်ထားသည်ထက် များစွာကျော်လွန်လာသည်။

လိင်ကွဲပြားမှုအပေါ်အခြေခံသော အကြမ်းဖက်မှုများ ကိုဆန့်ကျင်သည့် ၁၆ ရက်ကြာ ပြုပြင်ပြောင်းလဲရေးလှုပ်ယှားမှုသည် မြို့များ၊ တိုင်းပြည်များနှင့် ဒေသများစွာရှိတွင် နှစ်စဉ်ကျင်းပသော အခမ်းအနားတရပ်ဖြစ်လာသည်။ အမျိုးသမီး လူ့အခွင့်အရေးလှုပ် ယှားသူများကလည်း **၁၆** ရက်တာကာလကို လိင်ကွဲပြားမှုအပေါ်အခြေခံသော အကြမ်း ဖက်မှုများ၊ အကြမ်းဖက်မှုများမှ လွတ်မြောက်လာသူများကို ကာကွယ်စောင့်ရှောက် သော လုပ်ဆောင်မှုများနှင့် ယင်းအကြမ်းဖက်မှုများကို ဖျက်သိမ်းရေးအတွက် သွီးစည်း ညီညွတ်သော လှုပ်ယှားမှုတရပ်အဖြစ် ဖော်ဆောင်ခကတ်သည်။ **၁၆** ရက်တာလှုပ် ယှားမှု သွီးစည်းညီညွတ်ရေး ကွန်ယက်အဖွဲ့က နှစ်စဉ်လှုပ်ယှားမှုများကို မိမိရို့ဒေသ တွင် ညှိနှိုင်းဆောင်ရွက် အကောင်အထည်ဖော်ရန်အတွက် ဆက်သွယ်လာသူများကို ကြိုဆိုလက်ခံသည်။

လှုပ်ယှားဆောင်ရွက်မှုကာလအတွင်းတွင် အဖွဲ့အစည်းများက စည်းရုံးအကောင်အ ထည်ဖော် ဆောင်ရွက်သည့် နည်းဗျူဟာများသည် တပုံစံတည်းမဟုတ်ဘဲ မိမိရို့ဒေသ နှင့် လက်ဟိနိုင်ငံရေးအပေါ်မူတည်၍ ကွဲပြားခြားနားကတ်သည်။ ၂၀၀၀ ခုနှစ်တွင် အမျိုးသမီး ဗဟိုဌာနက စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ၏ ၅ နှစ်တာ ကာလ သုံးသပ်မှုညီလာခံ *(Beijing+5)* နှင့် လူမျိုးကြီးဝါဒ၊ လူမျိုးရေးခွဲခြားဖိနှိပ်မှု၊ လူမျိုးခြားများအား မလိုမုန်းတီးမှုနှင့် ယင်းရို့နှင့်ပတ်သက်သည့် အမြင်ကျဉ်းမြောင်း မှုများကို ဆန့်ကျင်သော ကမ္ဘာ့ညီလာခံ (*WCAR* - တောင်အာဖရိကဥ္စ ၂၀၀၁ ခု၊ ဩဂုတ် ၃၁ မှ စက်တင်ဘာ ၇ ရက်ထိကျင်းပ) ရို့ကဲ့သို့သော တကမ္ဘာလုံးဆိုင်ရာ လှုပ်ယှားမှုများနှင့် ဆက်နွယ်နီသော အဖွဲ့အစည်းများကို ဒေသဆိုင်ရာ အစိုးရနှင့်

နိုင်ငံတော်အစိုးရများအား အနာဂါတ်ကာလတွင် အမျိုးသမီးများ၏ လူ့အခွင့်အရေးကို အကောင်အထည်ဖော်မှုအတွက် ကတိကဝတ်ပြုရန်နှင့် ကတိပြုပြီးသည်များကို တိုးမြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဖိအားပီးလားရန် တိုက်တွန်းထား သည်။ အမျိုးသမီးဗဟိုဌာနက အမျိုးသမီးရေးလုပ်ယှားဆောင်ရွက်သူများကို ၁၆ ရက် တာကာလအားအသုံးပြု၍ ခုံရုံးဖွဲ့စစ်ဆေးကြားနာမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပွဲလမ်းသဘင်များကဲ့သို့သော လှုပ်ယှားမှုများကို ညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသားများ၊ နီးစပ်ရာနယ်ပယ်၊ နိုင်ငံနှင့် ဒေသတွင်းဟိ လူ့အဖွဲ့အစည်းကို ပိုမိုသဘောပေါက်လက်ခံလာစီ ရန်အတွက် တိုက်တွန်းအားပီးခသည်။

*သတင်းရင်းမြစ်။ ။ ဤမှတ်စုကို ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူမှုရေးရာဌာန၏ အမျိုး သမီးများတိုးတက်ရေးဌာနခွဲမှ ဖြန့်ဖြူးခြင်းဖြစ်သည်။* ■

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်းနောက်ခံ ကွဲပြားသည့် တိုင်းရင်းသူအမျိုးသမီးအဖွဲ့အစည်းအသီးသီးဖြင့် စုပေါင်းဖွဲ့စည်းထားသော တော်လှန်ရေးနယ်မြေရောက် အမျိုးသမီးထု၏ ပထမဦးဆုံးသော အဖွဲ့ချုပ်ကြီးဖြစ်သည်။ ဤအဖွဲ့ချုပ်တွင် မြန်မာနိုင်ငံနှင့် နယ်နမိတ်ချင်းထိစပ်နီသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများမှ နယ်စပ်ဒေသများဟိ အမျိုးသမီးအဖွဲ့အစည်း (၁၂) ဖွဲ့ ပါဝင်သည်။ ဤအဖွဲ့ချုပ်ကို ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်နိတွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် အမျိုးသမီး၏ အဆင့်အတန်းတိုးတက်မြင့်မားလာစီရေးနှင့် အရည်အချင်းပြည့်ဝစီရေးအတွက်သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှ တဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လီသင့်မြတ်ရေးအပါအဝင် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်လာစီရေးအတွက် လှုပ်ယှားဆောင်ရွက်နီသည့် အဖွဲ့အစည်းဖြစ်သည်။

Women's League of Burma
P O Box 413, GPO
Chiang Mai 50000 Thailand
Email: wlb@womenofburma.org
Website: www.womenofburma.org

အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ] မှ ထုတ်ဝေသည်။

wlb@womenofburma.org

www.womenofburma.org